# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# သမဝါယမတက္ကသိုလ်(စစ်ကိုင်း)

**အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဂုဏ်ပြုသုတေသန စာတမ်းဖတ်ပွဲ**

## ကုန္ဒာဝံသ နန်းတွင်းဇာတ်တော်ကြီးမှ ဇာတ်ဆောင် စရိုက်လေ့လာချက်

**လှိုင်မာဝင်း**

**B.A(Hons;),M.A(Myanmar)**

**လက်ထောက်ကထိက**

**မြန်မာစာဌာန၊သမဝါယမတက္ကသိုလ်(စစ်ကိုင်း)**

**၂၀၁၈ ခုနှစ်၊ဇူလိုင်လ (၁၁) ရက်**

# ဣန္ဒာဝံသ နန်းတွင်းဇာတ်တော်ကြီးမှ ဇာတ်ဆောင် စရိုက်လေ့လာချက်

လှိုင်မာဝင်း*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ကုန်းဘောင်ခေတ်စာဆိုရှင် လှိုင်ထိပ်ခေါင်တင်၏ ဣန္ဒာဝံသ နန်းတွင်းဇာတ်တော်ကြီးမှ အဓိကဇာတ်ဆောင်နှစ်ဦးဖြစ်သော ဣန္ဒာဝံသမင်းသား နှင့် ဘဂုတာရီမင်းသမီးတို့၏ ဇာတ်ဆောင်စရိုက်များ ကို လေ့လာတင်ပြပါမည်။ ဇာတ်တော်မှ မင်းသားနှင့်မင်းသမီးတို့၏ လူ့သဘာဝဆန်သော စရိုက်များကို ဦးစားပေး လေ့လာ တင်ပြထားခြင်း ဖြစ်ပါသည်။ စာဆိုလှိုင်ထိပ်ခေါင်တင်သည် ဣန္ဒာဝံသ နန်းတွင်း ဇာတ်တော်ကြီး၌ မိမိကိုယ်ကို ဘဂုတာရီအသွင် ဖန်တီးရေးဖွဲ့ထားပြီး၊ မောင်တော် ကနောင်မင်းသားအား ဣန္ဒာဝံသမင်းသားအလား ဖန်တီးရေးဖွဲ့ထားသည်။ ထိုစရိုက် များမှတဆင့် စာဆို၏ ဘဝခံစားချက်များကို သိရှိစေလိုသော ရည်ရွယ်ချက်ဖြင့် ဤစာတမ်းကို တင်သွင်းရခြင်း ဖြစ်ပါ သည်။

## နိဒါန်း

စာပေသည် ခေတ်၏ကြေးမုံဟု ပညာရှင်တို့အဆိုရှိသည်။ ရသစာပေ၌ ပြဇာတ်၊ ဝတ္ထု၊ ကဗျာတို့ တွင် ခေတ်၏အခြေအနေများ ထင်ဟပ်နေသည်။ ထိုမျှသာမကဘဲ စာရေးသူ၏ ဘဝ၊ စာရေးသူ၏ အတွေးအမြင်၊ စာရေးသူ၏ ဆန္ဒတို့ ပါဝင်ထင်ဟပ်မြဲဖြစ်သည်။ စာဆိုလှိုင်ထိပ်ခေါင်တင် ရေးသားပြုစုသည့် ဣန္ဒာဝံသ နန်းတွင်းဇာတ်တော်ကြီးသည် စာဆို၏ ဘဝခံစားမှု တစ်စိတ်တစ်ဒေသကို ထည့်သွင်း ရေးဖွဲ့ထားသည်ဟု ဆိုချင်ပါသည်။ ဤစာတမ်းသည် နန်းတွင်း ဇာတ်တော်ကြီးများကို လေ့လာလိုသူများအတွက် အထိုက်အလျောက် အထောက်အကူ ပြုမည်ဟု မျှော်မှန်းပါသည်။

*လက်ထောက်ကထိက၊မြန်မာစာဌာန၊သမဝါယမတက္ကသိုလ်(စစ်ကိုင်း)

## လှိုင်ထိပ်ခေါင်တင် အတ္ထုပ္ပတ္တိ

မြန်မာစာပေသမိုင်းတွင် သီရိသုမြတ်စွာရတနာဒေဝီဘွဲ့ခံ အိမ်ရှေ့မိဖုရား လှိုင်ထိပ်ခေါင်တင်သည် သာယာဝတီ ရွှေဘိုမင်းနှင့် အနောက်နန်းတော် 'သီရိမဟာသုရတနာစန္ဒာဒေဝီ'ဘွဲ့ခံ မမြကလေးတို့မှ ၁၁၉၅-ခုနှစ်တွင် ဖွားမြင်သော သမီးတော်ဖြစ်လေသည်။ ဖွားမြင်သောအခါ ခမည်းတော် သာယာဝတီမင်းက ချစ်မြတ်နိုးသဖြင့် 'မယ်ဖွား'ဟု အမည်ပေးတော်မူလေ၏။ မယ်ဖွာအား လှိုင်မြို့ကို မြို့စားပေးရာမှ 'လှိုင်ထိပ်ခေါင်' ဟူ၍လည်းကောင်း၊ 'တင်တင်' ဟူ၍လည်းကောင်း ခေါ်စမှတ်ပြုကြ လေသည်။[၁]

သက္ကရာဇ်၁၂၀၈ခုနှစ်တွင် နန်းတက်တော်မူသော ပုဂံမင်း လက်ထက်မှစ၍ လှိုင်ထိပ်ခေါင်တင်သည် ကဗျာ၊ လင်္ကာ စပ်ဆိုမှုကြောင့် ထင်ရှားစပြုလာခဲ့သည်။ သက္ကရာဇ် ၁၂၁၄ ခုနှစ်တွင် မန္တလေး ရတနာပုံမြို့တည် နန်းတည် ဘဝရှင်မင်းတုန်းမင်းတရားကြီး နန်းတက်တော်မူသည်။ သက္ကရာဇ် ၁၂၁၅ ခုနှစ် ဒုတိယ ဝါဆိုလဆန်း ဖရက်နေ့တွင် ညီတော် ကနောင်မင်းသားအား အိမ်ရှေ့ဥပရာဇာ အပ်နှင်းတော်မူပြီး လှိုင်ထိပ်ခေါင်တင် မင်းသမီးနှင့် စုလျားရစ်ပတ် လက်ထပ်ထိမ်းမြား ပေးတော်မူသည်။ ထို့ကြောင့် လှိုင်ထိပ်ခေါင်တင်မင်းသမီး သည် အသက်၂၀ အရွယ်တွင် အိမ်ရှေ့မိဖုရား ဖြစ်တော်မူခဲ့သည်။ အိမ်ရှေ့မင်းနှင့် သားတော် တစ်ပါး ထွန်းကားခဲ့ရာ ထန်းတပင် မင်းသားဟု တွင်သည်။ လှိုင်မင်းသမီး သည် သက္ကရာဇ် ၁၂၃၇ ခုနှစ် သက်တော် ၄၂ နှစ်တွင် ကံကုန်တော်မူသည်။[၂]

လှိုင်ထိပ်ခေါင်တင် စပ်ဆိုတော်မူခဲ့သော ကဗျာများကား "စိန်ခြူးကြာညောင်"ချီ ဘောလယ်၊ "ပုလဲမြိတ်စုံ"ချီ ဘောလယ်၊ "ထုံပန်းမာလာ"ချီ ဘောလယ်၊ "ပဏ္ဍုသေလာ"ချီ ဘောလယ်၊ "နာဂဆဒ္ဒန်"ချီ ဘောလယ်၊ "ရှုလဲသာထွေ"ချီ ဘောလယ်၊ "ပြဒ့ငယ်-ချပ်ရံ"ချီ ဘောလယ်၊ "ပန်းသဉ်လယ်"ချီ ပတ်ပျိုးမှ စ၍ တေးထပ်များ၊ လေးဆစ်များ၊ ရတုများဖြစ်ပါ၏။ စာဆိုသည် ထိုကဲ့သို့ ကဗျာ၊ လင်္ကာများသာမက "ဝိဇယကာရီ" နန်းတွင်းဇာတ်တော်ကြီးနှင့် "ကုန္ဒာဝံသ" နန်းတွင်းဇာတ်တော်ကြီး တို့ကိုလည်း စီကုံးရေးသား ပြုစုခဲ့သည်။[၃]

လှိုင်ထိပ်ခေါင်တင် ရေးဖွဲ့သော ဝိဇယကာရီနန်းတွင်းဇာတ်နှင့် ကုန္ဒာဝံသနန်းတွင်းဇာတ် တို့သည် ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် ပေါ်ပေါက်သော နန်းတွင်းဇာတ်များ ဖြစ်သည်။ ဝိဇယကာရီ ရေးစဉ်က လှိုင်ထိပ်ခေါင်တင်မှာ ကနောင်မင်းသားနှင့် လက်မထပ်ရသေးပါ။ ကုန္ဒာဝံသရေးချိန်တွင်မူ လက်ထပ်ပြီး ဖြစ်သည်။ ဝိဇယကာရီမင်းသားကိုရော ကုန္ဒာဝံသမင်းသားကိုပါ ဘုန်းလက်ရုံးနှင့် ပြည့်စုံသော ယောကျ်ားကောင်းများအဖြစ် ဖွဲ့ထားသည်။[၄]

---

[၁] မောင်မောင်တင်၊ဦး။(၂၀၀၂)၊၁၇၃။

[၂] သုတ၊မောင်။(၂၀၀၂)၊၂၆၀။

[၃] သုတ၊မောင်။(၂၀၀၂)၊၂၆၁။

[၄] ခင်မင်၊မောင်(ဓနုဖြူ)၊၂၀၁၄၊၁၆၁။

# ခြုံငုံသုံးသပ်ချက်

စာဆိုလှိုင်ထိပ်ခေါင်တင်၏ ကုဿနာဝံသနန်းတွင်းဇာတ်တော်ကြီးမှ ဇာတ်ဆောင်ကို လေ့လာရာတွင် အဓိက ဇာတ်ဆောင်တို့၏ စရိုက်ကို ဇာတ်လမ်းအလိုက်ပေါ်လွင်အောင် ရေးဖွဲ့ထားပုံများကို လေ့လာပြ ခဲ့ပါသည်။ ကုဿနာဝံသမင်းသားနှင့် ချစ်ကြိုက်မိသော မင်းသမီးတိုင်းသည် မင်းသား၏ မာယာပရိယာယ်များကို ယုံစား၍ မင်းသားကို ချစ်ခင်စုံမက်သွားကြသည်ချည်းဖြစ်သည်ကိုလည်း ပေါ်ပေါ်လွင်လွင် ရေးဖွဲ့ထားသည်ကို တွေ့ရသည်။

စာဆိုသည် ဘဂုတာရီမင်းသမီးကို ဖန်တီး၍ မိမိဘဝကိုတင်ပြရာ၌လည်း လိမ္မာပါးနပ်သည်ဟု ချီးကျူးရပေမည်။ လှိုင်ထိပ်ခေါင်တင်၏ အချစ်ရေးခံစားချက်တို့ကို ဘဂုတာရီက ခံစားပြသည်။ ကြင်ယာတော် များလှသည့် မင်းသားတို့၏ မိဖုရားတို့မှာ သနားစဖွယ်အားငယ်ရသည့် အဖြစ်များနှင့် ကြုံဆုံတတ်ပါသည် ဟူသော မိန်းမသားတို့၏သဘော သက်ဝင်စေရန် ရေးဖွဲ့ထားခြင်းဖြစ်သည်ဟု ယူဆရပါသည်။

ဇာတ်လမ်းအဆုံးပိုင်းတွင် မိမိ၏ဆန္ဒကို အတိအလင်းထုတ်ဖော်၍ ဇာတ်သိမ်းထားသည်။ ဘဂုတာရီကို မတွေ့ရသော ကုဿနာဝံသမင်းသားသည် မိမိကိုယ်ကို သန်လျက်ဖြင့် အဆုံးစီရင်ခဲ့သည်။ သမားတော်များ ကုသမှုကြောင့် ကျန်းမာလာခဲ့လေသည်။ ကုဿနာဝံမင်းသားသည် အခြားမင်းသမီး များနှင့် ရံဖန်ရံခါစံမြန်း၍ ဘဂုတာရီမင်းသမီးနှင့် အတူတကွ အသက်တမျှချစ်ခင်၍ စံမြန်းသည်ဟု ဇာတ်သိမ်းထားခဲ့သည်။ ကနောင်မင်းသား၏ ပုံရိပ်အသွင် ဖန်တီးထားသော ကုဿနာဝံမင်းသားနှင့် လှိုင်ထိပ်ခေါင်တင်မင်းသမီး၏ ကိုယ်ပွားဖြစ်သော ဘဂုတာရီမင်းသမီးတို့ကို အသက်ထက်ဆုံး ဇာတ်ပေါင်းပေးခဲ့သည့် စာဆို၏ ဆန္ဒကို တွေ့ရသည်။

ကုဿနာဝံဇာတ်တော်ကြီးမှာ ဇာတ်ဆောင်စရိုက်ဖော်ထားချက်များအရ စာဆို၏ ကိုယ်တွေ့ဘဝ အတွေ့အကြုံနှင့် လိမ္မာကျွမ်းကျင်သော အနုပညာဖန်တီးမှုကို အချိုးကျကျ ပေါင်းစည်းရေးဖွဲ့ထားသော ရသစာပေကောင်း လက်ရာမွန်တစ်ရပ်ဟု ယူဆလျှင် များစွာသင့်လျော်မည်ဟု ထင်မြင်သုံးသပ် မိပါသည်။

# နိဂုံး

ကြန္တာဝံသနန်းတွင်း ဇာတ်တော်ကြီးသည် စာဆိုလှိုင်ထိပ်ခေါင်တင်၏ ပင်ကိုစိတ်ကူးဉာဏ်ဖြင့် ဖန်တီးရေးဖွဲ့ထားသော ဇာတ်တော်ကြီးပင်ဖြစ်သည်။ ဤဇာတ်တော်တွင် လှိုင်ထိပ်ခေါင်တင်သည် မောင်တော် ကနောင်မင်းသား မိဖုရားများစွာ ထားရှိကာ ပျော်ပါးနေသည်ကို စောင်းမြောင်း ချိတ်ရိပ်လို၍ တစ်ကြောင်း ၊ မိမိအား အခြားမင်းသမီးများထက် အလေးထားဦးစားပေး ချစ်မြတ်နိုးစေလို၍တစ်ကြောင်း တို့ကြောင့် ဆန္ဒနှင့် ခံစားချက်တို့ကို ဇာတ်လမ်းဆင် ရေးဖွဲ့ထားခြင်း ဖြစ်သည်ဟု မှတ်ယူထားခြင်းဖြစ်သော ဤကြန္တာဝံသနန်းတွင်းဇာတ်တော်ကြီးကို တတ်စွမ်းသမျှ ကြိုးစားအားထုတ် လေ့လာတင်ပြ ထားပါသည်။ ကြန္တာဝံသနန်းတွင်း ဇာတ်တော်ကြီးမှ ဇာတ်ဆောင်စရိုက် လေ့လာချက်သည် မြန်မာစာပေ လေ့လာသူ တို့အတွက် အထိုက်အလျောက် အထောက်အကူပြုခဲ့သည်ဆိုပါက ကျေးဇူးရှင် ဆရာကြီး၊ ဆရာမကြီးများ၏ ဂုဏ်ကျေးဇူးကြောင့်သာ ဖြစ်သည်ဟု ဂါရဝပြု၊ ဂုဏ်ပြု ဖော်ကျူးအပ်ပါသည်။

# ကျမ်းကိုးစာရင်း


ခင်မင်၊မောင်၊(ဓနုဖြူ)။(၁၉၉၄)။***စကားပြေသဘောတရား၊စကားပြေအတတ်ပညာ***။ ရွှေတိဂ္ဂုဏ်အော့ဆက်။

ခင်မင်၊မောင်၊(ဓနုဖြူ)။(၂၀၁၄)။***မြန်မာစာပေခရီး***။ ရန်ကုန်၊ရာပြည့်ပုံနှိပ်တိုက်။

ဘုန်းနိုင်၊(တက္ကသိုလ်)။(၁၉၈၁)။***ဝတ္ထုရှည်စာတမ်းများ၊(ပထမအကြိမ်)***။ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။(၁၉၉၁)။***မြန်မာအဘိဓာန်***။ ရန်ကုန်၊ဖိုတိုလစ်သိုပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။(၂၀၀၈)။***မြန်မာအဘိဓာန်***။ ရန်ကုန်၊ နေလင်းပုံနှိပ်တိုက်။

မောင်မောင်တင်၊ဦး။(၂၀၀၂)။***မြန်မာပြဇာတ်နှင့် ပြဇာတ်စာပေသမိုင်း***။ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

လှိုင်ထိပ်ခေါင်တင်။(၁၉၅၉)။***ကုန္တာဝံသနန်းတွင်းဇာတ်တော်ကြီး၊ပထမအုပ်၊ဒုတိယအုပ်***။ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

သုတ၊မောင်။(၂၀၀၂)။***စာဆိုတော်များအတ္ထုပ္ပတ္တိ၊(ပဉ္စမအကြိမ်)***။ရန်ကုန်၊ရာပြည့်ပုံနှိပ်တိုက်။

သောင်းရွှေညို။(၁၉၉၆)။ ***ဇာတ်ဆရာကြီးဦးကြင်ဥနှင့် သူ၏ပြဇာတ်များ*** ။ရန်ကုန်၊စာပေဗိမာန်။

အောင်သင်း။ (၁၉၉၄)။***ဝတ္ထုရေးရာဆောင်းပါးများ***။ရန်ကုန်၊ရေတမာပုံနှိပ်တိုက်။

## ဇာတ်ဆောင်စရိုက်

ဇာတ်ဆောင်စရိုက်နှင့်ပတ်သက်၍ ပညာရှင်အသီးသီးက အဓိပ္ပါယ်အမျိုးမျိုး ဖွင့်ဆိုခဲ့ပါသည်။ ဇာတ်ဆောင်ကို မြန်မာအဘိဓာန်တွင်

"ဇာတ်ဆောင်၊န-ဇာတ်၊ရုပ်ရှင်တို့တွင် ပါဝင်သရုပ်ဆောင်သူ"[၁]

ဟု ဖွင့်ဆိုထားသည်။

တက္ကသိုလ်ဘုန်းနိုင်က၀တ္ထုရှည်စာတမ်းတွင်

> "ဇာတ်ဆောင်ဆိုသည်မှာ ဇာတ်ကြောင်းဖြစ်လာရန် လုပ်ပြ၊ တွေးပြ၊ ခံစားပြသော ဝတ္ထုရှည်တွင်းမှ လူများကို ဇာတ်ဆောင်ဟု ခေါ်သည်။ ဇာတ်ဆောင်များသည် ဒိဋ္ဌဓမ္မလောကမှ လူများနှင့်တူလေ ဇာတ်ဆောင် ဖန်တီးမှု ကောင်းလေဟု ဆိုကြသည်။"[၂]

ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။

မောင်ခင်မင်(ဓနုဖြူ)ကစကားပြေသဘောတရား၊စကားပြေအတတ်ပညာ စာအုပ်တွင် -

> "ဇာတ်ဆောင်၏ အဆင်းသဏ္ဌာန်၊ ဝတ်စားဆင်ယင်ပုံ၊ ဟန်ပန်အမူအရာ၊ အပြုအမူ၊ အပြောအဆိုတို့မှ သူ့စရိုက်လက္ခဏာကို ကောက်ချက်ချ ကြည့်နိုင်ပါသည်။"[၃]

ဟု အနက်ဖွင့်ဆိုထားပါသည်။ စရိုက်ကို မြန်မာအဘိဓာန်တွင် -

စရိုက်/ဇယိုက်/န-အပြုအမူ။အလေ့။အကျင့်။[ပါ၊စရိတ]၄

ဟု အဓိပ္ပါယ်ရကြောင်း ဖွင့်ဆိုရှင်းပြထားသည်။

ဦးအောင်သင်းက ဝတ္ထုရေးရာဆောင်းပါးများ စာအုပ်တွင် -

> "ဇာတ်ဆောင်တစ်ဦး၏ စရိုက်ဟုဆိုလျှင် သာမန်အားဖြင့် သူ၏ ကိုယ်နှုတ်နှလုံး ကံသုံးပါးအမူအရာ အလေ့အထကို ဆိုလိုပါသည်။"[၅]

ဟု ရှင်းပြထားသည်။

ဇာတ်လမ်းတစ်ခုတွင် ဇာတ်ဆောင်စရိုက်သည် အရေးပါသည်။ ဇာတ်ဆောင်ဆိုသည် ဇာတ်လမ်းတွင် အဖြစ်အပျက်များ တစ်ခုနှင့်တစ်ခု အားပြိုင်မှုဖြင့် ရွေ့နေသည့်ဇာတ်လမ်းများ၌ ပါဝင်လှုပ်ရှားနေသူတို့ ဖြစ်ပါသည်။ ထို့ကြောင့် ဇာတ်ဆောင်သည် ဇာတ်လမ်းတစ်ခုတွင် အရေးပါသည်မှာ ထင်ရှားပါသည်။ ဇာတ်ဆောင်အရေးပါမှုနှင့် ပတ်သက်၍ အော်စကာဂျီဘရော့ကက်က-

---

[၁] မြန်မာစာအဖွဲ့၊၁၉၉၁၊၁၃၃။

[၂] ဘုန်းနိုင်၊တက္ကသိုလ်၊၁၉၈၁၊၁၂၁။

[၃] ခင်မင်၊မောင်(ဓနုဖြူ)၊၁၉၉၄၊၂၂၆။

[၄] မြန်မာစာအဖွဲ့၊၂၀၀၈၊၉၄။

[၅] အောင်သင်း၊၁၉၉၄၊၄၃။

> “ဇာတ်ဆောင်သည် ဇာတ်လမ်း၌ အဓိကအကျဆုံး ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဇာတ်ဆောင်တို့၏ အပြောအဆို၊ အပြုအမူ၊ အတွေးအကြံတို့ဖြင့်ဇာတ်လမ်းအဖြစ်အပျက်တို့ကို ဖွံ့ဖြိုးစေသောကြောင့် လည်းကောင်း၊ ဇာတ်ဆောင်တို့၏ အားပြိုင်မှုများဖြင့် ဇာတ်လမ်း အဖြစ်အပျက် (ဇာတ်ရှိန်) မြင့်တက်သွားသောကြောင့် လည်းကောင်း ဖြစ်သည်”[၁]

ဟူ၍ ဖွင့်ဆိုထားပါသည်။ ထို့ပြင် ဇာတ်ဆောင်စရိုက်ကို ဖေါ်ထုတ်ရာတွင် -

> “ဇာတ်လိုက်၏ ကိုယ်နှုတ်နှလုံးအမူအရာများကို စာဖတ်သူ စာနာသူ တို့ကိုယ်တိုင် စိတ်မျက်စိ စိတ်နားတို့၌ အလိုအလျောက် မြင်လာ ထင်လာ ကြားလာအောင် ဖွဲ့သောနည်းဖြစ်လေသည်။ အရေးကိစ္စတစ်ခု၌ ထိုဇာတ်လိုက်သည် မည်သို့ပြုလိုက်သည် ပြောလိုက်သည် တွေးကြံလိုက်သည်တို့ကို ခင်းကျင်း ကပြလိုက်ခြင်း ဖြစ်သည်။ ထိုနည်းသည် လူ့သဘာဝကို ဖွဲ့ရာတွင် အထက်မြတ်ဆုံးသော နည်းဖြစ်လေသည်။ ”[၂]

ဟူ၍ ဆိုထားသည်။ ထို့ကြောင့် စရိုက်ဆိုသည်မှာ ဇာတ်ဆောင်တို့၏ ကိုယ်၊နှုတ်၊နှလုံးသုံးပါးသော အမူအရာ ကို ဆိုလိုခြင်း ဖြစ်သည်ဟု ယူဆမိပါသည်။

စာဆိုလှိုင်ထိပ်ခေါင်တင်၏ ဣန္ဒာဝံသနန်းတွင်းဇာတ်တော်ကြီးတွင် ဇာတ်ဆောင်များစွာ ပါ ရှိရာ အဓိကဇာတ်ဆောင်မှာ ဣန္ဒာဝံသနှင့် ဘဂုတာရီမင်းသမီးလေးအကြောင်းဖြစ်ပြီး၊ အခြား မင်းသမီးများမှာ အဓိကဇာတ်ဆောင်ဖြစ်သော ဣန္ဒာဝံသမင်းသား၏ စရိုက် ဝါသနာကို ပြလို၍ ထည့်သွင်းထားဟန် တူပါသည်။ ဇာတ်ဆောင်တို့၏စရိုက်ကို ဖော်ပြရာတွင်လည်း ပြဇာတ်ပါ ဇာတ်ဆောင် အချင်းချင်း ပြောစကားဖြင့် လည်းကောင်း၊ ဇာတ်ဆောင်တို့၏ ကိုယ် နှုတ် နှလုံး ကံသုံးပါးအမူအရာတို့ဖြင့် လည်းကောင်း၊ နောက်ခံဝန်းကျင်အဖွဲ့တို့ဖြင့်လည်းကောင်း ဖော်ဆောင်ဖန်တီးထားသည်ကို တွေ့ရသည်။

## ဣန္ဒာဝံသမင်းသား၏ စရိုက်

ဣန္ဒာဝံသမင်းသားသည် မဟာရာဇတ္တမပြည် ဝိကြမတိဿမင်းကြီးနှင့် မိဖုရားခေါင်ကြီးတို့မှ ဖွားမြင်သော သားတော်တစ်ပါးဖြစ်သည်။ စာဆိုက မင်းသား၏ စရိုက်သဘာဝကို တင်ပြရာတွင် အမျိုးမျိုး အဖုံဖုံ စရိုက်စုံအောင်ဖော်ပြထား သည်။ ဣန္ဒာဝံသမင်းသားသည် မာလာဒါရှု နတ်သားဝင်စားသူ ဖြစ်ပါသည်။ မင်းသားမဖွားမီ (၇)ရက်အလိုက ဖြစ်ပေါ်သောထူးခြားသည့် အတိတ်နိမိတ်များကို

> “မဖွားမီ(၇)ရက်က ပထဝီမြေကြီးသည် ေးယင်ကျူး၍ တအိမ့်အိမ့် ရိုက်ချုန်းတုန်လှုပ်စေ။ ကြည်းပန်း ရေပန်း တို့ လည်း စံနန်းတော်သို့ ဦးညွတ်၍ ပွင့်ကြစေ။ လေလည်း ဖြေးဖြေး ညှင်းညှင်း သာယာစွာ လူတို့၏ နှလုံးဝယ် ေငြိမ်းစွာ သွင်းဆောင်၍လာစေ။ ကျေးငှက်တို့လည်း စံတော်မူရာနန်းသို့ မပျံမကျော် ပတ်လည်ဝန်းကျင်ကသာယာစွာတွန်ကျူးကြစေ”[၃]

ဟူ၍လည်းကောင်း၊

---

[၁] သောင်းဆွေညို၊၁၉၉၆၊၁၀။

[၂] သောင်းဆွေညို၊၁၉၉၆၊၁၁

[၃] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၁၀။

ဖွားမြင်ခါနီးတွင် ဖြစ်ပေါ်လာသည့် နိမိတ်ကို-

> "လျှပ်ပန်းလျှပ်ရောင်တို့သည် လောင်မည်ကမန်း မိုးကြီး သည်းထန်စွာ ရွာ၍၊ မိုးသီးမိုးပေါက်တို့သည် ရောက်လုံးရှိ-ရှိကြစေ။ မိုးကြိုးလည်း အကြိမ်ကြိမ်ပစ်စေ"[၁]

ဟူ၍လည်းကောင်း၊ မင်းသားဖွားမြင်တော်မူပြီး အတိတ်နိမိတ်အခြေအနေကို-

> "တော်လျှောင်နှင့် ပဲ့တင်ထပ်မျှ လှုပ်စေ။ ညဥ့်အတိကို နေ့ကဲ့သို့ ထိန်လင်းစေ။ ဓား၊ လှံ၊ လက်နက်တို့သည် မီးအတိ အခိုးအလျှံ ထွက်စေ"[၂]

ဟူ၍ နောက်ခံဝန်းကျင် အတိတ်နိမိတ်များ ထည့်သွင်းထားခြင်းကြောင့်လည်းကောင်း ၊

ထို့ပြင် ပခက်တင်မင်္ဂလာ ဆင်ယင်ကျင်းပသည့် အခမ်းအနားတွင် သိကြားမင်းချီးမြှင့်သည့် ရဟတ်စကြာ လက်နက်နှင့် ဣန္ဒာဝံသ ဘွဲ့တံဆိပ်ပါသည့် ရတနာသန်လျက်ကိုမြင်၍ မင်းကြီးက-

> "ငါ၏သားတော်မှာ၊ ဘွဲ့သညာအထူးမှည့်စရာမရှိပြီ၊ သိကြားနတ်မင်း၊ နှင်းအပ်သည့်အတိုင်း ဣန္ဒာဝံသဟူသော အမည်ကိုတွင်စေ" [၃]

ဟူသော ပြောစကားအရလည်းကောင်း ဣန္ဒာဝံသမင်းသားသည် ဘုန်းရှင်ကံရှင် မင်းသားတစ်ပါးဖြစ်ကြောင်း ပိုမိုထင်ရှားစေပါသည်။ တဖန် ဣန္ဒာဝံသမင်းသားသည် မြောက်နန်းတော်မှ ဖွားမြင်သော ဘဂုတာရီမင်းသမီးလေးအား ပန်းခုံတော်ဝယ်မြင်၍ ဝိဂန္ဓအား-

> "မှုယူနတ်ဟန်၊ သုံးရွှေစံငယ်၊ ကြေန်လက္ခဏာ၊ ကြည်သာချိုမျက်၊ နှုတ်တော်များဆက်ရအောင်၊ ကနက်သီဟာ၊ သူ့စံရာ၊ စကြာတော် ကွန့်စမ်းစို့ အကိုငဲ့" [၄]

ဟူသော အပြောအရ ယဥ်ကျေးစွာပြောဆိုတတ်သည့် စရိုက်ရှိသူဖြစ်ကြောင်း တွေ့ရသည်။ ဣန္ဒာဝံသ မင်းသား မန္ဒာယူပြည်သို့ ရောက်ရှိရာတွင်လည်း မန္ဒာယူမင်းက ရာဇဘာယာမွန် အမတ်ကြီးအား ဣန္ဒာဝံသ မင်းသား အကြောင်းပြောရာတွင် အမတ်ကြီးက-

> "ဣန္ဒာဝံသမင်းသားဆိုသူသည် ဆိုးသွမ်းရိုင်းပြသည့် လက္ခဏာမဟုတ်ပါ။ ယဥ်ကျေးသိမ်မွေ့စွာ ရွှေစက်တော်အောက်သို့ လာရောက်မည့် အကြောင်းကို တင်လျှောက်ပါသည်" [၅]

ဟူသော လျှောက်တင်ချက်အရ ဣန္ဒာဝံသမင်းသားသည် အသက်အရွယ်ကြီးရင့်သူတို့အား ရိုသေသူ၊ ကိုယ်အမူအရာယဥ်ကျေးသော စရိုက်ရှိသူ ဖြစ်ကြောင်း တွေ့ရသည်။ ဣန္ဒာဝံသမင်းသားထံသို့ တောပျော် ဝိဇ္ဇာမိုရ်ငမြတ်စို လာရောက်ခစား၍ အမှုတော်ထမ်းရွက်သည်ကို ကြားသိရသောအခါ ဝိကြမတိသ မင်းကြီးက အမတ်တို့အား-

---

[၁] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၁၀။
[၂] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၁၂။
[၃] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၁၆။
[၄] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၂၄။
[၅] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၂၀၉။

"ငါ၏သားတော်ဘုန်းကံပါရမီမှာ တက်သစ်သောနေဝန်းသည်
ဇမ္ဗူဒီပါ လေးကျွန်းဝယ် ထွန်းလင်းသကဲ့သို့ ၊ အံ့သြဖွယ်ရှိ
လှသည် အမတ်တို့"[၁]

ဟူသော ပြောစကားအရလည်းကောင်း၊ သုဓမ္မရာဇ်မင်းကြီးက သတ္တသီသဘီလူးရန်ကို နှိမ်နင်းရန်အတွက် အမတ်တို့နှင့် တိုင်ပင်၍ စကားဆိုရာတွင် -

"ရာဇတ္တမပြည်ကို အစိုးရသော ဝိကြမတိဿမင်းဝယ်
သားတော် ဣန္ဒာဝံသမင်းလို့ တန်ခိုးအလွန်တရာကြီးလှ၍၊
သိကြားနတ်တို့ လက်နက်နှင်းအပ်သည်ကို ကြားရသည်မှာ
ငါ ၏ အကြည်တော်သားပင် ဖြစ်တော့သည်"[၂]

ဟူသော စကားအရလည်းကောင်း၊ ဣန္ဒာဝံသမင်းသားသည် ဘုန်းတန်ခိုးကြီးမားသည့် မင်းသားတစ်ပါး ဖြစ်ကြောင်း သိသာစေပါသည်။ သတ္တသီသဘီလူးအား နှိမ်နင်းရန် ခမည်းတော်ဝိကြမတိဿမင်းကြီး စေလွှတ်ရာတွင်လည်း ဣန္ဒာဝံသမင်းသားက-

"သတ္တသီသဘီလူးကို သိကြားနှင်းအပ်သော လက်နက်တို့ဖြင့်
နှိပ်ကွပ်စီရင် ပါတော့မည်ဘုရား"[၃]

ဟူ၍မဆိုင်းမတွပြန်လည် လျှောက်ကြားချက်ကိုကြည့်လျှင် မိဘစကားမပယ်ရှားသူ၊ ရဲရင့်သည့်စရိုက်ရှိသူ ဖြစ်ကြောင်း တွေ့ရသည်။ ထို့နောက် ဣန္ဒာဝံသမင်းသားသည် ညောင်ညိုနန်းတွင် သတ္တသီသဘီလူးနှင့် တိုက်ခိုက်ရာ၌ ရဟတ်စကြာလက်နက်ကို ကိုင်ကာ-

"တသောင်းလောကဓာတ်၊ လေးရပ်ဇမ္ဗူ၊ မြကျွန်းငူဝယ်၊
ပြိုင်သူမဝံ့၊ ဘုန်းရောင်ကွန့်သည်၊ ကျွန်းကျွန်းသခင်၊
သို့ပါစင်ကို၊ မြင်ခွင်ဟောမှာ၊ စုံကန္တာက၊ သတ္တသီသ၊
ယက္ခဘီလူး၊ ရန်ညွန့်ကို ခူးတော့မည်၊ နတ်မျိုးနှင်းဆက်၊
ရဟတ်စက်နှင့် ကြေညက်မကြာ၊ သတ်ပြီးကာလျှင်၊
မြန်စွာရွှေလက်ရောက်ရမည်"[၄]

ဟုဆိုကာ ရဟတ်စကြာလက်နက်ဖြင့် ပစ်ခတ်၍လည်းကောင်း၊

တဖန်သီဟဠဒီပပြည်ကို ဝန်းရံနေသော ခုနစ်ပြည်ထောင်စစ်ကို သွားရောက်တိုက်ခိုက်ရာတွင် လည်းကောင်း၊ ကေတုလမင်းနှင့် စစ်ခင်းရာတွင် ဣန္ဒာဝံသမင်းသားက လေးတော်ကို ကိုင်ဆောင်၍-

"ဥပရာဇ်တန်ဆောင်၊ ငါဘုန်းခေါင်ကို၊ ရဲရောင်မာန်ပြ၊
ကေတုလ၊ သင်းမျှဘုရင်၊ တထီးရှင်၊ မတွင်စလောက်၊
ချီးမြှောက်ပလွှား၊ လွန်ရမ်းကား၊ ငါ့-မြားစကြာ၊
လေးမှာနတ်သ၊ ရန်ဆိုလျှင်ပနေကျ၊ သက္ကရတနာ၊
ညှို့သိင်္ဂါကို၊ ကမ်းမှာတင်ကွေး၊ ရာဇဒဏ်ပေး လိုက်မည်၊
သေဘေးယခုရောက်စိမ့်မည်"[၅]

---

[၁] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၄၄။
[၂] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၁၀၅။
[၃] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၁၁၅။
[၄] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၂၆၄။
[၅] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၂၇၈။

ဟူ၍လည်းကောင်း၊ ဣန္ဒာဝံသမင်းသား၏ ရဲရင့်မှု၊ လက်ရုံးရည်ကြီးမား၍ သူရဲကောင်းပီသသည့် စရိုက်တို့ကို ထင်ရှားမြင်စေနိုင်ပါသည်။

ဣန္ဒာဝံသမင်းသားသည် မင်းသမီးများကိုခေါ်ဆောင်ကာ မဟာရာဇတ္တမပြည်သို့ ပြန်ရောက်ပြီး မိမိ၏ အထိန်းတော် လူပျိုတော်များနှင့်အတူ လေ့ပြိုင်ပွဲကျင်းပပြီးသောအခါ၊ ၎င်းတို့အား ထီး၊ ဓား၊ ကွမ်း၊ ဆေး၊ ပုဆိုး၊ ခေါင်းပေါင်း၊ ငွေ စသည်တို့ကို ပေးသနားသည်ကို ကြည့်လျှင် ဣန္ဒာဝံသမင်းသား သည် မိမိ၏ ငယ်ကျွန်တော်တို့နှင့် အကျွမ်းတဝင်နေတတ်သူ၊ ငယ်သားတို့အား မ-စ တတ်သည့် စရိုက်ရှိသူဖြစ်သည်။

ဤဇာတ်တော်တွင် ဣန္ဒာဝံသမင်းသားသည် ဇာတိသရဉာဏ်ရသည့် မင်းသားဖြစ်ရကား၊ ဝဏ္ဏာပဒုံမင်းသမီး၏ဖြစ်အင်ကို အိပ်မက်၌ထင်မြင်ကာ သနားစုံမက်ခဲ့သည်။ ထို့နောက် တောပျော် ဝိဇ္ဇာမြတ်စို ရောက်ရှိလာရာ ဣန္ဒာဝံသမင်းသားက ဝိဇ္ဇာမြတ်စိုအား ဝဏ္ဏာပဒုံမင်းသမီးအကြောင်း မေးမြန်းရာတွင်-

"ရိပ်ကြာတပင်၊ သုံးရွှေ့ရင်ငယ်၊ ရုပ်သွင်မူရာ၊ ဖြူပြာစိမ်းလဲ့၊
ရွှေသားကဲ့သို့၊ လေးတော်ဘွဲ့မှန်၊ သဏ္ဍာန်ကြော့ရှင်း၊
ခြောက်ပစ်ကယ်ကင်းပါစ။"[၁]

ဟူ၍ မေးမြန်းပုံကို ကြည့်လျှင် ဣန္ဒာဝံသမင်းသားသည် အလှမက်သည့်စရိုက်ရှိသူဟု ဆိုနိုင်ပါသည်။

ဣန္ဒာဝံသမင်းသား အတိုင်းတိုင်းအပြည်ပြည်မှ မင်းသမီးများပါလာကြောင်း ကြားသိရသောအခါ ဘဂုတာရီမင်းသမီးလေးသည် မောင်တော်ကို စိတ်နာလှသည်နှင့် မိမိနှင့်မောင်တော်တို့ မည်သို့မျှ မပတ်သက်ကြောင်း မောင်အရင်းကဲ့သို့သာ ချစ်ခင်ပါကြောင်း လိမ်လည်လျှောက်တင်ရာတွင် ဣန္ဒာဝံသ မင်းသားက ဘဂုတာရီမင်းသမီးလေး ပေးလိုက်သော မြပန်းလွှာပုဝါကို ကိုင်ကာ-

"ကောင်းပေငဲ့မိမိ၊ မသိပြင်ပြင်၊ မောင်ရင်းလိုကြင်သည်တဲ့၊
ရွှေပင်မြင့်သူ၊ မုန်းမူငြိုးမာန်၊ ဘယ့်နှယ့်ပင်ပြန်သော်လည်း၊
ပန်းကြာရံဘွေ၊ စောင့်နေနတ်များ၊ နှလုံးတော်ထားပါလိမ့်၊
မြသားခြုံလွှာ၊ စိန်ရုံးညှာနှင့်၊ မာလာရွှေခိုင်၊ နောက်ဆက်ပိုင်
လျက်ကို၊ သောင်းမြိုင်လုံ့ရတနာ၊ လွဲသွေရှာသော်လည်း၊
သီလာပသော၊ ရွှေမြေအောင်ရပ်၊ ခုနစ်ထပ်ဝယ် မျက်မြတ်စီမြွာ
ကျုံးသီတာနှင့်၊ ကွယ်ကာထားစေ၊ လွတ်ရပေဘူးလို့၊ ပုံသေသာ
မှတ်ပါတော့မိမိငဲ့"[၂]

ဟူ၍ တောင်ခုနစ်ထပ်၊ ကျုံးအထပ်ထပ်ကာရံထားသော်လည်း အရယူမည်ဟူသော အပြောအရ လည်းကောင်း၊ တဖန် နဂရဒီပသီဟဠမင်း၏ သမီးတော် ဝိတာရစာရီမင်းသမီးအား ချစ်ခင်စုံမက် သောကြောင့် ယူဇနာတစ်ရာရှိသော နန်းမြို့ရိုးကို ခုန်ကျော်ကာ ရဝိယာမင်းသားလက်မှ ခိုးယူခဲ့သည်တွင် ဣန္ဒာဝံသမင်းသားက-

"မိမိကိုချစ်ခင်စုံမက်တော်မူသည်နှင့် အပြည်ပြည်ထောင်သော
မင်းတို့ အကဲ့ရဲ့ကိုခံ၍၊ ကြိုးစားကြံစည်ရပါသည်၊ မောင်ကြီးကို
ကြင်နာတော်မူပါ မိမိငဲ့"[၃]

[၁] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၄၇။

[၂] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၁၄။

[၃] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၃၁၇။

ဟူသော ပြောစကားအရလည်းကောင်း ကုဿနာဝံသမင်းသားသည် အချစ်ရေးနှင့် ပတ်သက်လာလျှင် ရာဇအိန္ဒြေကိုပင် မစောင့်ထိန်းနိုင်ဘဲ လိုချင်သည်ကို အရယူတတ်သည့် စရိုက်ရှိသူဖြစ်ကြောင်း တွေ့ရသည်။

ဤဇာတ်တော်တွင် ကုဿနာဝံသမင်းသားအား ချစ်မှုရေးရာကိစ္စရပ်နှင့် ပတ်သက်၍ စကားပရိယာယ် ကြွယ်ဝသည့် မင်းသားတစ်ပါးအဖြစ် ပုံဖော်ထားပြန်သည်။ ဘဂုတာရီမင်းသမီးလေးအား ချစ်ရေးဆိုခန်းတွင်-

"မောင့်ရဲ့ရတနာ၊ ဆွဲရွှေညာငယ်၊ ယမန်ခါကြုံ၊
မြောက်ပန်းခုံဝယ်၊ ရွှေဘုံမြင့်သူ၊ တွေ့တော်မူတုန်းက၊
သင်းကြိုင်ပျံ့ဖွာ၊မာလာမြခတ်၊ ဆင်ဦးသူတွက်ကယ်ကြောင့်၊
ရတတ်ဗျာနှောင်၊ရွှေသဲမှာလောင်မည့်နှယ်၊ ဆောင်ဆောင်သိင်္ဂါ၊
ကွန်းမြင့်ညာ၊ နေသာကီစစ်၊ ထုံနှင်းနှစ်ကဲ့၊ သစ်တဲ့မိန့်သံ၊
လွန်သွေ့ကာဖန်ခဲ့ရင်၊ ပူရန်သာများတော့သည် မိမိငဲ့"[၁]

ဟူ၍လည်းကောင်း၊ ပဒမြားဒါရူမင်းသမီးအား ချစ်ရေးဆိုခန်းတွင်-

"တပါးရည်စောင်၊ မိမိမောင်က၊ ကြင်နှောင်ဗျာညွှန်၊
လေးတဲ့ဝန်ကို၊ မိုးစွန်နယ်ရပ်၊ တောဘယ်ဝယ်သတ်နိုင်ဘူး၊
နတ်အက္ခရာ၊ မှန်ရွှေစာငယ်၊ နန်းရာဥပရာဇ်၊ သက်ဆုံးတိုင်
ချစ်စေဖို့၊ သန်းရှစ်ရွှေညာ၊ မယ်ကသာ၊ စာပါလိမ့်လား၊
တွေးထင်ယောင်သားငယ်နှင့်၊ သနားတော်သံ၊ ကြင်စေနာ
ဖန်သာရင်၊ ညွှန်းပြန်တော်မူစမ်းပါ့ မိမိငဲ့"[၂]

ဟူ၍ လည်းကောင်း၊ ဝဏ္ဏာပဒုံမင်းသမီးအား ချစ်ရေးဆိုရာတွင်-

"ကြင်သမျှ၊တင်ပါ့မည်မချန်၊ သုံးရွှေမှန်ငယ်၊ သီဟံဘမရာ၊
ဘုံသီဟာဝယ်၊ ဘိသေကာဆင်၊ မိမိပြင်ကို၊ စိတ်တွင်သဘော၊
တကြောဇမ္ဗူ၊မြက္ကျန်းငူဝယ်၊တန်သူထိုက်သူ၊ကြံမိတော်မူပါဘူး၊
မဥ္ဇူသက၊နတ်ညွှန်းသပါတဲ့၊စန်းလသသော်တာ၊နှောင့်ဆွဲညာငယ်၊
ကွန်းညာမြင့်သူ၊ အို ယုံတော်မူပါတော့၊ ခွန်းကြိုသက်လျာ၊
နှောင့်ရွှေဗျာ၊ သေရာတောင်မြဲပါငဲ့ မိမိငဲ့"[၃]

ဟူသော အပြောအရလည်းကောင်း၊ ကုဿနာဝံသမင်းသားသည် ချစ်မှုကိစ္စနှင့် ပတ်သက်၍ စကားပရိယာယ် ကြွယ်ဝသည့် စရိုက်ရှိသူဖြစ်ကြောင်း တွေ့ရသည်။

ဤဇာတ်တော်အတွင် ကုဿနာဝံသမင်းသားအား ကျိန်တွယ်ပြောဆိုတတ်သည့် စရိုက်ရှိသူဖြစ်ကြောင်းလည်း တွေ့ရပြန်သည်။ ဘဂုတာရီမင်းသမီးလေးနှင့် မေတ္တာပန္နက်ချရာတွင် ဘဂုတာရီမင်းသမီးလေးက နောင်အခါ မိမိအပေါ်တွင် သစ္စာမတည်မည်ကို စိုးရိမ်ပါကြောင်း၊ မိမိအပေါ်တွင် မောင်တော်က သွေဖည်သွားမည်ဆိုပါက နေရသည်ထက် သေရမည်ကိုမြတ်သည်ဟု ခံယူတော်မူကြောင်း လျှောက်တင် သောအခါ ကုဿနာဝံသမင်းသားက နတ်ဒေဝါတို့အား တိုင်တည်ကာ နှမတော်အပေါ်တွင် ရာသက်ပန်လုံး ချစ်ခင်ကြင်နာမည့်သူဖြစ်ကြောင်း၊ ဆံတစ်ခြည်မျှင်မျှ ငြိုငြင်မည့်သူမဟုတ်ကြောင်း၊ သစ္စာ ကတိမတည်ပါက ပွင့်သမျှဘုရား မဖူးရဘဲ အပွါယ်လေးရွာတွင် ကျရောက်စေကြောင်းကို -

---

[၁] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၁၂၈။ [၃] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၃၀၀။
[၂] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၁၈၉။

“ဥပရာဘုန်းလူ၊ သစ္စာမူပ့ါမည်၊ ဇမ္ဗူကြေငြာ၊ တိုင်းရာမာဝယ်၊ ဇကေရာသနင်း၊ ပြည့်ရှင်တနာ၊ လှမြတ်စွာကို၊ သက်ရာပတ်လုံး၊ မဆုံးဘဝ၊ တည်သမျှကို၊ မြနှင့်ရွှေသွင်၊ ချစ်ခင်စုံမက်၊ မေတ္တာဆက်လို့၊ မပျက်စိတ်မှာ၊ သစ္စာငြိုငြင်၊ ဆံမျှင်မြူရှိ၊ မစွမ်းငြိပါဘူး၊ ကတိမတည်၊ နောင်ဖောက်သည်မူ၊ဇာနည်ပရမ၊ မြစိန်းရောင်လျှံ၊ သရက်ပျံငယ်၊ အမှန်မလွဲ၊ ရင်ကိုခွဲပါစေ့၊ အမြဲနောက်ခါ၊ ပါယ်လေးရွာဝယ်၊ မြင့်ကြာရှေနှစ်၊ ရှင်ချစ်ဗုဒ္ဓ၊ ပွင့်သမျှလဲ၊ ဖူးရမမြင်၊ မဝင်ကျွတ်တမ်း၊ ပွေလျှမ်းဗျာပါ၊ ငရဲရွာ ရှည်ကြာရစေ”[၁]

ဟူ၍ လည်းကောင်း၊ ဝဏ္ဏပဒုံမင်းသမီးအဆောင်သို့ဝင်၍ မေတ္တာရှိကြောင်းပြောသောအခါ၌ မင်းသမီးက ဣန္ဒာဝံသမင်းသားအပေါ် မယုံကြည်သေးကြောင်း၊ သစ္စာကတိ တည်မှသာ နောင်အရေး စိတ်အေးရမည် ဖြစ်ကြောင်း ပြောရာ ဣန္ဒာဝံသမင်းသားက ကတိသစ္စာ ကျိန်ဆိုပါမည်ဟုဆိုကာ-

“နောင်ခါမမှန်၊ ယွင်းဖောက်ပြန်က၊ မြလျှံသေလာ၊ စံသိင်္ဂါက၊ ဒေဝရာနန်းပိုင်၊ နတ်ဘုန်းလှိုင်ငယ်၊ ဆုံးတိုင်လွယ်ကူ၊ သတ်တော်မူစေတော့၊ တမူနောက်ခါ၊ လွဲသေပါလျှင်၊ လေးရွာအပါယ်၊ သူတို့နယ်မှာ၊ မီးဝယ်လောင်ငြိ၊ အဝီစိ၊ ပြည်ကြီးပရမေ၊ ကမ္ဘာကျေ၊ မသွေသည်သာ၊ နစ်မွန်းကြာလို့၊ ရှည်စွာပတ်လုံး၊ သုံးလူ့ပရမေ၊ မြတ်စိန္တေပင်၊ မိန့်ဆင်တရား၊ မကြားရရှာ၊ မနာရဘဲ၊ ကျွတ်တမ်းပင်လွဲစေတော့၊ သဲကဆွတ်ကြင်၊ မိမိပြင်ကို၊ ရေစင်သကလာ၊ ရွှေလက်ျာ၊ လှုံ့ရာမဖန်။ သဘောတော်မှန်ပါငဲ့”[၂]

ဟူ၍ လည်းကောင်း၊ ဝိတာရစာရီမင်းသမီးအား ချစ်ရေးဆိုရာတွင်လည်း မင်းသမီးက ဣန္ဒာဝံသမင်းသားအား ရာဇုတ္တမပြည်ဝယ် လက်ျာရံဒေဝီရှိမည်ကို စိုးရိမ်မိကြောင်းနှင့် နောင်မိမိအပေါ် မုန်းဟန်ပိုကာ အမျက်တော်ရှမည်ကို စိုးရိမ်မိပါကြောင်း ပြောရာတွင် ဣန္ဒာဝံသမင်းသားက-

“သစ္စာပွဲဆင်၊ မောင်ကြီးငယ်တင်ပါမည်၊ မကြင်မေတ္တာ၊ နောင်လွဲပါက၊ လေးရွာပါယ်ရှိ၊ ဘုံနိရိမှာ၊ ထွန်ညီလောင်ဆူ၊ ခံတော်မူလို့၊ တလူဘဝ၊ မရအမှန်၊ စကြာပျံလည်း၊ ပိုင်ရန်မတည်၊ မြဇာနည်ငယ်၊ ညီလာရေပွဲ၊ နောင်ရိပ်ရာလွဲ စေတော့၊ ပုလဲငွေစင်၊ သက်ဆုံးတိုင်ကြင်ပ့ါမယ်၊ ကျူသခ်ရာ၊ နှင်းပျံ့လွှာငယ်၊ ပူဇျာဇေစေ၊မောင်ကြီးငယ်ဖြေပ့ါမယ်”[၃]

ဟူ၍လည်းကောင်း ကျိန်ဆိုပုံကို ကြည့်လျှင် ဣန္ဒာဝံသမင်းသားသည် မင်းသမီးတစ်ပါးနှင့်တွေ့တိုင်း ယုံကြည်လောက်အောင်၊ ကျေနပ်လောက်အောင် စကားပရိယာယ်အမျိုးမျိုးဖြင့် ပြောဆိုလေ့ရှိသည်။ ထိုအချက်ကိုထောက်ရှုခြင်းအားဖြင့် အချစ်ရေးနှင့်ပတ်သက်လျှင် မိမိအပေါ်ယုံကြည်လာအောင်ကျိန်တွယ် ပြောဆိုတတ်သည့် စရိုက်ရှိသူဖြစ်ကြောင်း တွေ့ရသည်။

ထို့ပြင် ဣန္ဒာဝံသမင်းသားသည်ငယ်ရွယ်သူပီပီ အချစ်နှင့်ပတ်သက်လျှင် ခံစားလွယ်သည်။ ဘဂုတာရီ မင်းသမီးလေးနှင့် မေတ္တာမျှပြီးနောက်တွင် ဝဏ္ဏပဒုံ မင်းသမီး၊ ပဒမြားဒါရူမင်းသမီး၊

---

[၁] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၁၂၇။

[၂]လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၃၀၁။

[၃]လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၃၂၁။

မြနန်းကလျာမင်းသမီး၊ ဝိတာရစာရီမင်းသမီး၊ ပန်းကြာရစာရီမင်းသမီး အပြည့်ပြည့်မှ ဆက်သသော မင်းသမီးများ စသည်တို့နှင့်လည်း မေတ္တာမျှခဲ့ကြသည်ကို ကြည့်လျှင် အလွယ်တကူ ချစ်ကြိုက်တတ်ကာ မျက်နှာများသည့်စရိုက်ရှိသူဖြစ်သည်။

ဣန္ဒာဝံသမင်းသားသည် ယောက်ျားကောင်း မောင်းမတစ်ထောင် ပဒေသရာဇ် အိမ်ထောင်ရေး စနစ်ကို မလွန်ဆန်နိုင်ကြောင်း တွေ့ရသည်။ သို့သော် ဘဂုတာရီမင်းသမီးကိုကား လွန်စွာစွဲလန်းသူဟု ဆိုနိုင်ပါလိမ့်မည်။ တစ်နည်းအားဖြင့် အစွဲအလန်းကြီးသော စရိုက်ရှိသူဟု ဆိုနိုင်ပါလိမ့်မည်။ ဣန္ဒာဝံသမင်းသားသည် ဘဂုတာရီမင်းသမီးလေးနှင့် ခွဲခွါနေရသောအခါ များစွာလွမ်းဆွတ်တော်မူသည်။ နမတော်အား လွမ်းဆွတ် သောကြောင့် မိမိကိုယ်ကိုယ်ပင် သန်လျက်နှင့် အဆုံးစီရင်ခဲ့သည်။

"နန်းတော်ရဝေ၊ မှန်ကွန်းဘွေမှာ၊ နတ်ဆွေကြော့သူ
ရန်တော်မူလို့၊ တမူသက်သက် ၊စံတော်မူရက်လျှင်ဖြင့်
သက်ကယ်မကြာ၊သေလိုက်ပါတော့မည်"[၁]

ဟု ဇာတ်တော်၌ တွေ့ရသည်။ အချစ်ကြီးသော ဣန္ဒာဝံသမင်းသား၏ စရိုက်ဟု ဆိုချင်ပါသည်။

ဣန္ဒာဝံသမင်းသား၏စရိုက်သဘာဝကိုလေ့လာသုံးသပ်ကြည့်ရာတွင် စာဆိုလှိုင်ထိပ်ခေါင်တင်က မန္တလေးရတနာပုံ ရွှေပြည်ကြီးတွင် မင်းတုန်းမင်းတရားကြီးသည် သာသနာရေးကိစ္စ၌သာ စိတ်အားထက်သန် နေချိန်ဖြစ်၍ ၊ တိုင်းရေးပြည်ရာကိစ္စများကို ညီတော်ကနောင်မင်းသားက ဦးဆောင်နေချိန်ဖြစ်ရာ ၊ ဤဇာတ်တော်၌ မောင်တော်၏ရဲရင့်မှု၊ ဘုန်းလက်ရုံးကြီးမြတ်မှုတို့ကို အဓိကဇာတ်ဆောင် ဣန္ဒာဝံသ မင်းသားစရိုက်အသွင်ဖြင့် တင်စားထားသည်ဟု ဆိုနိုင်ပါသည်။ ပြင်ပတွင် ကနောင်မင်းသား မိဖုရားများစွာ ထားရှိခြင်းကိုပင် မနှစ်မြို့ဟန်ဖြင့် ဤဇာတ်တော်တွင် ဣန္ဒာဝံသမင်းသားအား မျက်နှာများသည့်စရိုက်၊ အလွယ်တကူ ချစ်တတ်ကြိုက်တတ်သည့်စရိုက်၊ အလှမက်သည့်စရိုက်အသွင်ဖြင့် ဖန်တီးထားဟန်တူသည်။ ထို့ပြင် ကနောင်မင်းသား၏ စကားပရိယာယ်ကြွယ်ဝပြီး လှည့်ပတ်ပြောဆိုတတ်ပုံတို့ကိုပင် ဣန္ဒာဝံသမင်းသား၏ စကားပရိယာယ် ကြွယ်ဝပုံ၊ မင်းသမီးများစွာနှင့်တွေ့လျှင် ကျိန်တွယ်ပြောဆိုတတ်သည့် စရိုက်သဘာဝရှိပုံ တို့ဖြင့် ပုံဆောင်ကာ စာဖတ်သူတို့အား မိမိခံစားခဲ့ရသည်များကို မြင်သာစေပါသည်။ စာဆိုက မိမိရင်တွင်းမှ ခံစားချက်များကို ဤဇာတ်တော်တွင် များစွာဖွင့်အန်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ နောက်ဆုံး ပြင်ပလောကတွင် ကနောင်မင်းသားက မိမိအားဓားဖြင့် ကျိန်းပခဲ့သည်ကိုပင် မမေ့လေဟန်ဖြင့် ဘဂုတာရီမင်းသမီးလေးကို ဘယစန္ဒာမင်းသားလေးနှင့်အထင်လွဲကာ ဣန္ဒာဝံသမင်းသားက **"လားလားဟယ်---ငါးပိုင်းပိုင်း၍ ပစ်ကရေ့မည်-- "**[၂] ဟူသော ကျိန်းပပုံဖြင့် ထင်ဟပ်စေခဲ့ပါသည်။ ထို့ကြောင့် ဤဇာတ်တော်မှ ဣန္ဒာဝံသမင်းသား၏ စရိုက် သဘာဝ၊ စိတ်နေစိတ်ထားတို့သည် ပြင်ပလောကမှ ကနောင်မင်းသား၏ စိတ်အသွင်သဏ္ဍာန်များ ဆောင်ထားသည်ဟု ဆိုချင်ပါသည်။

---

[၁] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၅၈၅။

[၂] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၅၀၈။

## ဘဂုတာရီမင်းသမီးစရိုက်

ဘဂုတာရီမင်းသမီးလေးသည် ဤကူန္ဒာဝံသနန်းတွင်း ဇာတ်တော်ကြီးတွင် မင်းသမီးပေါင်းများစွာ ပါဝင်သည့်အနက် ဦးစားပေးဇာတ်ဆောင်ဖြစ်သည်။ မဟာရာဇဝုတ္တမပြည် ဝိကြမတိသမင်းကြီးနှင့် မြောက်နန်းတော်မိဖုရားတို့၏ သမီးတော်ဖြစ်ပြီး အဓိကဇာတ်ဆောင် ကူန္ဒာဝံသမင်းသားနှင့် ဖအေတူ မအေကွဲ မောင်နှမတော်စပ်သူ ဖြစ်သည်။ အသက်အားဖြင့် အင်မတန်ငယ်ရွယ်ကာ ကလေးစရိုက် အမူအရာကလေးများဖြင့် ချစ်စဖွယ်အသွင်ရှိသူလည်း ဖြစ်သည်။

ကူန္ဒာဝံသမင်းသားနှင့် ဘဂုတာရီမင်းသမီးတို့ ပန်းခုံတော်ဝယ်တွေ့ရာတွင် ကူန္ဒာဝံသမင်းသား က မင်းသမီးအား နှုတ်ဆက်ရန် ဝိဂန္ဓအား-

"ဝိဂန္ဓငဲ့၊ နရထိပ်ပန်၊ မြောက်နန်းစံတဲ့၊ မြတ်ပန်ရတနာ၊
လှမြတ်စွာငယ်၊သော်တာယုန်နန်းဘုံကြငှန်းသို့၊ သန်းရွှေမှန်ကူ၊
မြကွန်းသူလဲ၊ မူယူနတ်ဟန်၊ သုံးရွှေစံငယ်၊ ကြန်လက္ခဏာ၊
ကြည်သာချို့မျက်၊နှုတ်တော်များ ဆက်ရအောင်၊ ကနက်သီဟာ၊
သူ့စံရာ၊ စကြာတော် ကွန့်စမ်းစို့ အစ်ကိုငဲ့"[၁]

ဟူသော စကားအရ ဘဂုတာရီမင်းသမီးလေး၏ အမူအရာမှာ နတ်မိမယ်တမျှ လှပသူလေးဖြစ်သည်။

တဖန် ဝိကြမတိသမင်းကြီးက ဘဂုတာရီမင်းသမီးအား ခေါ်သောစကားတွင်-

"အဖေ့ရတနာ၊သိင်္ဂါရွှေလှော်၊ပင်နန်းပျော်၊ရောက်တော်မူပြီလား
မိမိငဲ့"[၂]

ဟူ၍ လည်းကောင်း၊

"အဖေ့ချစ်စု၊ ကမ္ဘုရိပ်ခို၊ ပင်နွဲ့ကိုယ်ငယ် သည်ကို တိုးတော်မူခဲ့ပါဦး:"[၃]

ဟူ၍လည်းကောင်း ခေါ်သောအာလုပ်စကားအရ ဘဂုတာရီမင်းသမီးလေးသည် ဝိကြမတိသမင်းကြီး၏ အမြတ်နိုးဆုံးသမီးတော်လေးဖြစ်ကြောင်း ပေါ်လွင်စေသည်။

ကူန္ဒာဝံသမင်းသားနှင့်ဘဂုတာရီမင်းသမီးတို့ ပန်းခုံတော်၌တွေ့ဆုံခန်းတွင် ကူန္ဒာဝံသမင်းသားက မင်းသမီးလေးအား သက်တော်မည်မျှရှိကြောင်း မေးမြန်းရာတွင် မင်းသမီးလေးက 'ဆယ့်သုံးနှစ် ရှိပါပြီဘုရား' ဟူသော လျှောက်တင်စကားအရလည်းကောင်း၊ အထိန်းတော်မြမာလာက ဝဏ္ဏပဒုံမင်းသမီး အား ဘဂုတာရီမင်းသမီးလေးအကြောင်း လျှောက်တင်ရာတွင်-

"ညီမတော်မှာတစ်ဆယ့်သုံးနှစ်တင်းတင်းပြည့်၍
တစ်ဆယ့်လေးနှစ် ထဲကို သုံးလစွန်းပါပြီ ဘုရား"[၄]

ဟူသော လျှောက်တင်စကားအရလည်းကောင်း၊ မြနန်းကလျာမင်းသမီးလေး၏ ပြောဆိုချက်အရ လည်းကောင်းဘဂုတာရီမင်းသမီးလေးသည် အသက်အားဖြင့် တစ်ဆယ့်သုံးနှစ်အတွင်းရှိ၍ ကလေးစရိုက် အမူအရာလေး များဖြင့် အင်မတန်ဆိုးတတ်နွဲ့တတ်သော စရိုက်ရှိသည့် မင်းသမီးလေးတစ်ပါးဖြစ်သည်။

---

[၁] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၂၄။
[၂] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၅၀၁။
[၃] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၅၀၁။
[၄] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၈၁။

ဘဂုတာရီမင်းသမီးလေးသည် မိဘကို ရိုသေလေးစားကာ မိဘကိုချစ်တတ်သည့် စရိုက်ရှိသူ လည်းဖြစ်သည်။ ဣန္ဒာဝံသမင်းသားနှင့်အတူ သီရိန္ဒရတိုင်းမှ စွယ်တော်ပင့်၍ မဟာရာဇဗုတ္တမပြည်သို့ ပြန်ရောက်ရာတွင် ဘဂုတာရီမင်းသမီးလေးက အထိန်းတော်မြမာလာအား -

"ချိုးရေတော်သုံးရန်နှင့် ဝတ်လဲတန်ဆာ လဲလှယ်ဆင်ယင် စရာများ အသင့်ပြင်၍ ထားကြပါ။ ခမည်းတော် မယ်တော်တို့ ရွှေမျက်နှာတော်ကို ဖူးမျှော်ချင်လှပါပြီ ကျွန်မကိုလည်း မျှော်တော်မူလှရော့မည်၊ မြန်မြန်နန်းတော်သို့ ဝင်တော်မူမည် မမငဲ့"[၁]

ဟု လည်းကောင်း၊ တဖန် ဣန္ဒာဝံသမင်းသာ စွယ်တော်ပင့်၍ အပြန်တွင် မင်းသမီးများပါလာသောအခါ ဘဂုတာရီမင်းသမီးလေး ထပ်မံအပူပွါးရပြန်သည်။ထို့ကြောင့် အထိန်းတော်မြမာလာအား-

"မမငဲ့ ကျွန်မဖြင့်လျှင် ခမည်းတော် မယ်တော်တို့ ရွှေမျက်နှာတော်ကို ဖူးရလျှင် ယခုပူသမျှ ဇ:လိမ့်မည် ထင်တော့တာဘဲ မမငဲ့"[၂]

ဟူ၍လည်းကောင်း၊ အထိန်းတော်မြမာလာအား

"မမငဲ့-----မယ်ဘုရားကို လွမ်းလှပြီ တိတ်တိတ်ကလေး နန်းတော် ပြေးကြစို့ငဲ့"[၃]

ဟူ၍လည်းကောင်း ပြောကြားသည်များကို ကြည့်လျှင် ဘဂုတာရီမင်းသမီးလေးသည် မိဘကို အလွန်တရာချစ်သည့် စရိုက်ရှိပြီး မင်းသမီးလေး၏ အပြောအဆိုနှင့် မြမာလာအား ခေါ်ဝေါ်ပုံကို ကြည့်လျှင် နူတ်အမူအရာ ယဉ်ကျေးသိမ်မွေ့သည့် စရိုက်ရှိသူလည်းဖြစ်သည်။

ဘဂုတာရီမင်းသမီးသည် ဣန္ဒာဝံသမင်းသားအပေါ်တွင် မြတ်မြတ်နိုးနိုးချစ်တော်မူသည်။ ထို့ကြောင့် ဣန္ဒာဝံသမင်းသားက ချစ်ခင်စုံမက်ကြောင်း ကျိန်တွယ်ပြောဆိုသောအခါ-

"စိန်တရထည်၊ လက်ရုံးရည်နှင့်၊ ပြည်ပြည်နိုင်ငံ၊ နောင်မြန်းစံပေမဲ့၊ နန်းရံအောင်ပွဲရှင်ဘုရား၊ထားရွှေသစ္စာ၊ မိန့်ရွှေဗျာငယ်ကို၊ ယုံပါတော့မည်"[၄]

ဟူသော လျှောက်တင်စကားအရ ဘဂုတာရီမင်းသမီးလေးသည် မိန်းကလေးတို့သဘာဝ သစ္စာဆို ကျိန်တွယ်ပြောဆိုလျှင် ယုံတတ်သည့် စရိုက်ရှိပြီး၊ နောင်တစ်ချိန်တွင် ဣန္ဒာဝံသမင်းသား မိမိအပေါ် အပြစ်တော် မြင်လာမည့်အရေး ကြိုတင်တွေးဆမိကာ-

"တရာဘုရင်၊ တိုင်းတိုင်းရှင်တို့၊ ရွှေရတော်နှင့်၊ သမီးစစ်နှင့်၊ ကြင်မေတ္တာလှူ၊ ကိုယ်တော်မှာကြိုလိမ့်မည်၊ တပုံနောက်ခါ၊ မယ့်ကိုသာလျှင်၊ ထွေရာစစ၊ရာဇဂုဏ်ရှုပါနှင့်၊ နရပရမေ၊ ရွှေမြေနန်းပျော်၊ ခမည်းတော်ရဲ့၊ မျက်နှာတော်ကိုသာ၊ ထောက်တွေးစာလို့၊ ညာတော်သင့်တန်၊ သုံးရွှေမှန်ငယ်ကို၊ ရာသက်ပန်ကြင်မည်လား ဘုရား"[၅]

[၁] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၄၉၆။
[၂] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၅၄၀။
[၃] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၅၂။
[၄] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၁၂၈။
[၅] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၁၂၈။

ဟုလျှောက်တင်စကားအရ နောင်အချိန် မိမိအပေါ် အပြစ်မြင်လာလျှင်လည်း ခမည်းတော် မျက်နှာထောက်ရှု၍ မိမိအပေါ် အပြစ်မမြင်ခွင့်လွှတ်ကာ ရာသက်ပန် ကြင်နိုင်မည်လားဟု မေးမြန်းထားပုံမှာ ဘဂုတာရီ မင်းသမီးလေးသည် ရှေ့နောက်ကြိုတင် တွေးဆတတ်သည့် စရိုက်၊ မိမိကိုယ်ကို ကာကွယ်တတ်သည့် စရိုက်ရှိသူဖြစ်ကြောင်း တွေ့ရသည်။

ဘဂုတာရီမင်းသမီးသည် မောင်တော်အပေါ် ချစ်မြတ်နိုးသော်လည်း ဒွါရိန္ဒပြည်သို့ စစ်ချီရာမှအပြန်တွင် မောင်တော်ကို ထွက်၍ မကြိုဆိုခဲ့ပေ။ မောင်တော် ဣန္ဒာဝံသသည် တိုင်းကြီးတိုင်းငယ်အသွယ်သွယ်တို့မှ မင်းသမီးများကို ခေါ်ဆောင်လာသဖြင့် စိတ်ကောက်တော်မူခဲ့သည်။ ခမည်းတော်မင်းကြီးက ခေါ်မှသာ မောင်တော်ကို ထွက်၍ကြိုဆိုခဲ့သည်။ ကြိုဆိုရာတွင်လည်း စိမ်းလဲ့သော မြနားဆွဲင်းကို ပန်လျက် စိမ်းကားဟန်ပြခဲ့သည်။ ထိုအပြုအမူများသည် ဘဂုတာရီမင်းသမီး၏ ငယ်မူငယ်သွေးစရိုက်ကို ဖော်ပြနေသည်ဟု ဆိုချင်ပါသည်။

ဣန္ဒာဝံသမင်းသားသည် သီရိန္ဒပြည်သို့ စွယ်တော်ပင့်သွားရာတွင် အမြတ်နိုးဆုံးဖြစ်သော နှမတော် ဘဂုတာရီမင်းသမီးကို မင်းသားအသွင်ဆောင်စေပြီး အတူခေါ်ဆောင်သွားခဲ့သည်။ လမ်းခရီးတွင် မောင်တော် နှင့် ပန်းကြာရစာရီမင်းသမီးတို့ ပျော်ရွှင်စွာ စံစားနေသည်ကို ဝိဇ္ဇာမြတ်စို ခေါ်ပြသဖြင့် တွေ့မြင်ခဲ့သည်။ ထိုသို့ တွေ့မြင်သည်ကို နန်းတွင်းဇာတ်၌ -

> "စန္ဒရတာရိန် မင်းသားကလေးသည် မင်းသားစစ်မဟုတ်
> မင်းသမီးဖြစ်၍ အသက်တမျှ ချစ်သော မောင်တော်ကို
> ပန်းကြာရစာရီမင်းသမီးနှင့် နွဲ့မှီယုယနေသည်ကို မြင်သည်တွင်
> အသည်းနှလုံးကြေကွဲမတတ် လှိုက်လှဲသည်"[၁]

ဟု တွေ့ရသည်။ ထိုဖော်ပြချက်သည် ဘဂုတာရီမင်းသမီး၏ ရင်ပွင့်မတတ် ခံစားနေရပုံကို ပေါ်လွင်စေသည်။ မိန်းမသားပီပီ သဝန်တိုတတ်သောစရိုက်ရှိသူဟု ဆိုနိုင်ပါသည်။

ဘဂုတာရီမင်းသမီးသည် ပန်းကြာရစာရီမင်းသမီး၊ ဝိတာရစာရီမင်းသမီးတို့နှင့်အတူ ရာဇုတ္တမနေပြည်တော်သို့ ပြန်ရာတွင် မောင်တော် ဣန္ဒာဝံသမင်းသားအား စိတ်အနှောင့်အယှက်ပေးကာ လိုက်ပါလာ ခဲ့သည်။ မောင်တော်အပေါ်တွင် မကျေနပ်သဖြင့် ဆင်တော်ကိုတစ်ပါးတည်းစီးခြင်း၊ဆင်ပေါ်မှ မတ်တပ်ရပ်ကာ ပန်းခူးခြင်း၊စီးတော်ဆင်အား ကိုယ်တိုင်မြက်နုတ်ကျွေးခြင်းစသော အမူများကို ပြုခဲ့သည်။ ထိုသို့ပြုခြင်းမှာ ဣန္ဒာဝံသမင်းသားအပေါ် နာကျည်းလာသောကြောင့် ဟုဆိုနိုင်သည်။ ဘဂုတာရီမင်းသမီးသည် နာကျည်းရာမှ အရွဲ့တိုက်လာသည်။ ထို့ကြောင့် ရာဇုတ္တမနေပြည်တော်သို့ ပြန်ရောက်သောအခါ မိမိပန်ဆင်ထားသော လောင်းပန်းကိုယူ၍ ဘယစန္ဒာမင်းသားအား ပြတော်မူသည်။ ထိုသို့ပြုမူပုံကို -

> "ဣန္ဒာဝံသမင်းသားမင်းသားသည် နှမတော်မျက်နှာကို
> အထပ်ထပ်ကြည့်လျှင် မင်းသမီးလည်း မောင်တော်
> ကြည့်မှန်းသိ၍ ဆင်တော်မူသော လောင်းပန်းကို ချွတ်၍
> ဘယစန္ဒာမင်းသားကို ပြသလိုကြည့်စေ"[၂]

---

[၁] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၂၀၈။
[၂] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၅၀၆။

ဟု ဖော်ပြထားသည်။ ထိုအချက်ကို ကြည့်ခြင်းအားဖြင့် ဘဂုတာရီ၏ အရွဲ့တိုက်တတ်သောစရိုက်ကို သိနိုင်သည်။ မည်သည့်မိန်းကလေးမဆို မိမိချစ်မြတ်နိုးသူက အခြားမိန်းကလေးများအား အရေးပေး ဆက်ဆံသည်ကို ကြည်ဖြူနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ဘဂုတာရီမင်းသမီး အရွဲ့တိုက်သည်မှာ သဘာဝကျသည်ဟု ဆိုချင်ပါသည်။

စာဆိုလှိုင်ထိပ်ခေါင်တင်က ဘဂုတာရီမင်းသမီးလေး၏ စရိုက်ကို ဖော်ကျူးရာတွင် အင်မတန် နုနယ်သော မင်းသမီးလေးဖြစ်လင့်ကစား၊ အရေးကြုံက ရဲစွမ်းသတ္တိအပြည့်ဖြင့် ရဲရင့်သည့် စရိုက်ရှိသူကလေးအသွင် ဖန်တီးထားသည်ကို တွေ့ရသည်။ ဣန္ဒာဝံသမင်းသား ဝိတာရစာရီမင်းသမီးကို ခိုးယူလာသောကြောင့် ရဝိယာမင်းသားက ဗိုလ်ထုအလုံးအရင်းနှင့် ချီတက် လိုက်လာရာတွင် စန္ဒရတာရိန် အမည်ခံ ဘဂုတာရီ မင်းသမီးလေးက စစ်ကစားလိုက်လိုကြောင်း ဣန္ဒာဝံသမင်းသားထံ လျှောက်တင် သည်။ ထိုအကြောင်းကို သိသောအခါ မြမာလာက အကယ်ပင်စစ်ကစားလိုက်မည်လားဟု မေးရာတွင် မင်းသမီးလေးက မျက်နှာထား တင်း၍-

"နောင်တော်ဘုရားကျေးဇူး၊ အတိုင်းမသိသည်ကို ဘယ်နှယ့် အပျက်ကယ်လို့ တင်ပါမည်တုန်း၊ အပါယ်လေးပုံကိုချန်လုပ်၍ မနုဿလူ့ဘုံတွင် တပေါက်တစ်လမ်း ဘုန်းကြီးသည့် အရှင့်ညီတော် ဖြစ်သည်နှင့်အညီ ၊ တကယ်ပင် ထမ်းရွက်ပါ့မည် အမေငဲ့"[၁]

ဟူသော ပြောစကားအရ ဘဂုတာရီမင်းသမီးလေးသည် အရေးကြုံက ရဲစွမ်းသတ္တိရှိကာ ရဲရင့်သည့် စရိုက်ရှိသူလည်း ဖြစ်သည်။

သီရိနန္ဒတိုင်းမှ ပန်းကြာရစာရီမင်းသမီးထံ ဝင်ရာတွင်လည်း ဣန္ဒာဝံသမင်းသားက သည်မင်းသမီးအား ဝဏ္ဏပဒုံမင်းသမီးလောက် မစုံမက်ကြောင်း နောင်အရှည်ကိုကြည့်၍သာ ကြံစည်ရကြောင်း ပြောသည်။ ထိုအခါ ဘဂုတာရီမင်းသမီးလေးက -

"နောင်တော်ဘုရားအမိန့်တော်မြတ်ကိုလည်း ယုံကြည်လှပါ သည်။တိုင်းကျိုး၊ကိုယ်တော်ကျိုးငယ်လို့၊ထင်မှတ်သည်လည်း တကြောင်း၊ ယခုလည်း ဓားမကျိုး လှံမကျိုး ရွှေဘုန်းတော်မြတ်နှင့် တရာ့တပြည်ထောင်ကို အစိုးရသော ၊ သီရိနန္ဒတိုင်း သမီးတော်နှင့်တကွ ဘုန်းတော်လှံ့ဆော်၍ ရွှေလက်တော်သို့ ရောက်သည်ကို ၊ ရေမြင့်သည့် ကြာကဲ့သို့၊ အလွန်တရာ ဝမ်းမြောက်ပါသည်၊ ဘုရာ့ညီတော်ကို ချစ်ခင် စုံမက်တော်မူသည်လည်း ၊ ဇမ္ဗူဒိပ်မြေ အပြင်ဝယ်၊ တဆန်ကောရာမျှ ကျေးဇူးတော်ထူးအောင် ပြုနိုင်သည် မဟုတ်ပါ၊ သည်ကဲ့သို့ အကြောင်းကြောင်းမျိုးကို ထောက်ထား ၍ ပန်းကြာရစာရီ မင်းသမီးစံရာသို့ ကြွတော်မူပါလို့ တင်လျှောက်ပါသည်ဘုရား"[၂]

ဟူ၍ လည်းကောင်း၊ ဣန္ဒာဝံသမင်းသားက မြမာလာအား

"မြမာလာငဲ့-----မြမာလာသခင်၊ နှုတ်လျှာပေါ့ပါး စကားချောင် ဘုန်းကံပါရမီနှင့် ပြည့်စုံတော်မူချက်ကို ၊ ပြောပချီးမွမ်း၍ ၊ မကုန်နိုင်အောင်ရှိသည်၊စကားအရာတွင်ဇတေဒဂ်ရလောက်ပါပေ သည် မြမာလာငဲ့"[၃]

---

[၁] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၃၃၄။

[၂] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၃၉၆။

[၃] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၃၉၆။

ဟူသော အပြောအရလည်းကောင်း၊ ဘဂုတာရီမင်းသမီးလေးသည် စကားအရာ သူမတူအောင် ပြောတတ်သည့် စရိုက်ရှိသူ ဖြစ်ကြောင်းတွေ့ရသည်။

ဣန္ဒာဝံသမင်းသားနှင့် ဘဂုတာရီမင်းသမီးတို့ မေတ္တာမျှခဲ့သည်ကို မြမာလာက မေးရာတွင် ဘဂုတာရီမင်းသမီးလေးက-

"အလိုအမေ- သေပင်သေပါစေ့၊ ထွေထွေရာရာ မယ့်ကိုသာလျှင်၊ ဥပရာဘုန်းလူ၊ ပျံ့ကြူးရွှေခွန်း ဘယ့်နယ်မှ- ညွှန်းပါဘူး"[၁]

ဟူသော ပြောစကားအရလည်းကောင်း၊ ဣန္ဒာဝံသမင်းသားနှင့်အတူ မင်းသမီးများစွာ ပါလာသည်ကို မနှစ်သက်သော မင်းသမီးလေးက မိဖုရားကြီးအား မောင်တော်နှင့် မိမိမှာ အစကပင် မောင်ရင်းနှမကဲ့သို့ ချစ်ခင်ကြောင်း လိမ်လည်လျှောက်တင်သည်။ ထိုအခါ ဣန္ဒာဝံသမင်းသားက ဘဂုတာရီမင်းသမီး ပေးလိုက်သော ပုဝါကိုကိုင်ကာ မည်သူ့ပုဝါနည်းဟု မေးသည်တွင် မင်းသမီးက-

"လောကဘုံသုံးပါးဝယ် ၊ ရတနာခုနှစ်ပါးနှင့်တကွ ပေါများတော်မူသည့် အရှင်ပါကို ခေါမ ရောမ ကာသိက တိုင်းတို့နှင့်တကွ၊ တရာသောမင်းတို့က ဆက်သသည်ကို နာမည်ကိုထုတ်၍ မည်သူ့ပုဝါလို့ မတင်တတ်ပါဘုရား"[၂]

ဟူ၍ လည်းကောင်း ပြန်လည်ပြောကြားချက်ကို ကြည့်ခြင်းအားဖြင့် ဘဂုတာရီမင်းသမီးသည် မိမိ၏ အချစ်ကိစ္စနှင့်ပတ်သက်လာလျှင် လိမ်လည်ပြောဆိုတတ်သည့် စရိုက်ရှိသူဖြစ်ကြောင်း တွေ့ရသည်။

အထက်ပါ ဘဂုတာရီမင်းသမီးလေး၏ စရိုက်ကို လေ့လာကြည့်လျှင် ဘဂုတာရီမင်းသမီးလေး သည် အသက်အားဖြင့် ငယ်ရွယ်နုနယ်ပြီး ကလေးစရိုက်အမူအရာလေးများဖြင့် ဆိုးနွဲ့တတ်သူ ဖြစ်သည်။ မိဘကိုချစ်တတ်သည့်စရိုက်၊ အရွဲ့တိုက်တတ်သည့်စရိုက်၊ မဟုတ်မခံတတ်သည့်စရိုက်၊ သူတဖက်သား အား မခံချိမခံသာ ပြောတတ်သည့် စရိုက်နှင့် လိမ်လည်ပြောဆိုတတ်သည့် စရိုက်၊ အရေးကြုံက ရဲရင့်တတ်သည့် စရိုက်၊ ကျိန်တွယ်ပြောဆိုလျှင် ယုံတတ်သည့် စရိုက်ရှိသော မင်းသမီးလေးအဖြစ် စာဆိုက ဘဂုတာရီမင်းသမီးလေး၏ စရိုက်သဘာဝကို အသွင်သဏ္ဍာန် အမျိုးမျိုးဖြင့် ဖော်ဆောင်ထား သည်။ စာဆိုလှိုင်ထိပ်ခေါင်တင်က ပြင်ပလောကတွင် ကနောင်မင်းသား အပေါ်ထားရှိသော သဘောထား၊ မိမိခံစားချက်၊ ပြောလိုသည်များကို ဤဇာတ်တော်တွင် ဘဂုတာရီ မင်းသမီးလေး၏နေရာမှ ဝင်ရောက် ကာ ၊ ဘဂုတာရီမင်းသမီးလေး၏ အပြောအဆို အပြုအမူ၊ စရိုက် သဘာဝတို့ဖြင့် ထင်ဟပ်ကာ ဖန်တီးထားသည်ဟု ယူဆဖွယ်ရာရှိပါသည်။

---

[၁] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၁၄၀။

[၂] လှိုင်ထိပ်ခေါင်တင်၊၁၉၅၉၊၁၅။